**2019 - 2020 Fiscal Year**

# CHIN STATE

## CITIZEN'S BUDGET



ချင်းပြည်နယ်၏

# ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေ ငွေစာရင်းစာစောင်

(၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်)



# ဥယျောဇဉ်

ချင်းပြည်နယ်အစိုးရက မူဝါဒချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်အားပေးနိုင်ရေးအတွက် သတင်းအချက်အလက်မျှဝေခြင်းမှာ လွန်စွာအရေးကြီးသည်ကို ယုံကြည်သည့်အလျောက် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိရေး၊ ပြည်သူလူထုပါဝင်နိုင်ရေးတို့အတွက် အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များစာစောင် (Citizen's Budget) ကို ပထမအကြိမ်ထုတ်ဝေခဲ့ပြီး ဘတ်ဂျက်ပွင့်လင်းမြင်သာရေးလုပ်ရှားဆောင်ရွက်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပါသည်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်အတူ ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ချင်းပြည်နယ်လွှတ်တော်က ၂၆.၉.၂၀၁၉ ရက်နေ့တွင် အတည်ပြုခဲ့ပြီးဖြစ်၍ ၃၀.၉.၂၀၁၉ ရက်နေ့တွင် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးကာ ဥပဒေအဖြစ် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ "ပွင့်လင်းပါစေပြည်သူ့ဘဏ္ဍာငွေ" ဟူသောဆောင်ပုဒ်နှင့်အညီ ပြည်သူပိုင်သော ပြည်သူ့ဘဏ္ဍာငွေများ၊ အသုံးစရိတ်များကို ပြည်သူလူထုထံသို့ ပွင့်လင်းမြင်သာစွာ အသိပေးရမည်ဖြစ်၍ ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များစာစောင် (Citizen's Budget) ကို ဒုတိယမြောက်နှစ်အဖြစ် ဆက်လက်ထုတ်ဝေခြင်းဖြစ်ပါသည်။

ပြည်သူ့ဘဏ္ဍာငွေသုံးစွဲမှု ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးနှင့် ပြည်သူလူထုပူးပေါင်းပါဝင်လာနိုင်သည့် အခွင့်အလမ်းများရရှိရေးတို့ကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိကဝတ်ပြုလျက် ဤပြည်သူ့အတွက်ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် (Citizen's Budget) မှတစ်ဆင့် ပြည်နယ်အစိုးရ၏ဘတ်ဂျက်ကို ပြည်သူလူထုထံသို့ အစီရင်ခံအပ်ပါသည်။

ဆလိုင်းလျန်လွှယ်
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ - ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်

# မာတိကာ

စာမျက်နှာ

ဝေါဟာရအဓိပ္ပာယ် ရှင်းလင်းချက် ၁

## အခန်း(၁)

ယခုဘတ်ဂျက်စာစောင်သည် ပြည်သူ့အတွက် မည်သို့ အကျိုးရှိပါသလဲ။ ၄
ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ပွင့်လင်းမြင်သာမှုစာစောင်များ ၆
ပြည်သူပါဝင်နိုင်သည့် အခွင့်အလမ်းများ ၇

## အခန်း(၂)

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၁၀
ချင်းပြည်နယ်၏ ဦးတည်မျှော်မှန်းချက်၊ မူဝါဒနှင့် ရည်မှန်းချက်များ ၁၁
ချင်းပြည်နယ်၏ ဘတ်ဂျက်ပါ ဌာန၊အဖွဲ့အစည်းများ ၁၃

## အခန်း(၃)

ချင်းပြည်နယ်၏ စီးပွားရေး ၁၄
ချင်းပြည်နယ်၏ ဘတ်ဂျက်အသုံးစရိတ်များ ၁၆
  ပြည်နယ်ဘတ်ဂျက်မှ သာမန်အသုံးစရိတ် ၁၇
  ပြည်နယ်ဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ် ၁၈
  ပြည်ထောင်စုဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ် ၂၀
ချင်းပြည်နယ်၏ ဘတ်ဂျက်ရငွေများ ၂၅
  ကိုယ်တိုင်ရှာဖွေရငွေများ ၂၆
  ပြည်ထောင်စုမှလွှဲပြောင်းထောက်ပံ့ငွေများ ၂၈

နိဂုံးချုပ်မှတ်ချက်စကား ၃၁
နောက်ဆက်တွဲဇယားများ ၃၃
လေ့လာဆန်းစစ်ချက်မေးခွန်းလွှာ ၃၅

*ဖတ်ရှုရလွယ်ကူစေရန် ကိန်းဂဏန်းများကို အနီးစပ်ဆုံးကိန်းပြည့်များယူထားသည့်အတွက် အချို့ကိန်းဂဏန်းများ၏ ပေါင်းခြင်းသည် စုစုပေါင်းတန်ဖိုးနှင့်အနည်းငယ်ကွဲလွဲခြင်း၊ ရာခိုင်နှုန်း အနည်းငယ်ကွဲလွဲခြင်းများ ရှိနိုင်ပါသည်။

*ဘတ်ဂျက်ဆိုင်ရာအကြောင်းခြင်းရာများကို ပြည်သူများ လွယ်ကူရှင်းလင်းစွာသိရှိကြစေရန် ဦးစားပေးသည့် စာစောင်ဖြစ်သည့်အလျောက် အချို့သော အခေါ်အဝေါ်၊ အသုံးအနှုန်းများသည် ရုံးလုပ်ငန်းများအတွက် တရားဝင်သုံးစွဲသည်များနှင့် ကွာခြားနိုင်ပါသည်။

*မေခရိုစီးပွားရေးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ဆိုင်ရာကိန်းဂဏန်းအချက်အလက်များကို ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနက ပံ့ပိုးပါသည်။

# ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်

## ရသုံးခန့်မှန်းခြေငွေစာရင်း

အစိုးရ၏ အသုံးစရိတ်၊ ရငွေ၊ ပိုငွေ၊ လိုငွေနှင့် ကြွေးမြီတို့အပါအဝင် ဘဏ္ဍာရေးဆိုင်ရာအစီအစဉ်များကို ပြည့်ပြည့်စုံစုံဖော်ပြထားသည့် ထုတ်ပြန်ချက်ဖြစ်ပါသည်။ အစိုးရ၏မူဝါဒရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာငွေများအား မည်သို့အသုံးပြုရန်စီမံထားသည်ကို ဖော်ပြထားသည့် အစိုးရတစ်ရပ်၏ အဓိကကျသော စီးပွားရေးမူဝါဒဆိုင်ရာ မှတ်တမ်းတစ်ရပ်ဖြစ်ပါသည်။ ရသုံးခန့်မှန်းခြေငွေစာရင်းကိုကြည့်၍ အစိုးရသည် မည်သည့်ကဏ္ဍများကို ဘဏ္ဍာရေးနှစ်အတွင်းဦးစားပေးဆောင်ရွက်မည်ကို အလွယ်တကူ သိရှိနိုင်သည်။ ရသုံးခန့်မှန်းခြေငွေစာရင်း၊ ဘဏ္ဍာရန်ပုံငွေ၊ ဘတ်ဂျက်စသည်ဖြင့် ပြောင်းလဲခေါ်ဝေါ်လေ့ရှိပြီး၊ ဤစာစောင်တွင်ဖတ်ရှုရလွယ်ကူစေရန် "ဘတ်ဂျက်" ဟုသာ သုံးစွဲပါသည်။

## ဘဏ္ဍာရေးနှစ်

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်သည် နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဖြစ်သည်။

## ဘတ်ဂျက်စက်ဝန်း

ရသုံးခန့်မှန်းခြေငွေစာရင်းအတွက် မူဝါဒချိန်ညှိမှုများ ပြုလုပ်ခြင်း၊ ငွေစာရင်းပါလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း၊ အဆိုပါဆုံးဖြတ်ချက်များ၊ အကောင်အထည်ဖော်မှုများကို ပြန်လည်ဆန်းစစ်ခြင်းတို့ အဓိကပါဝင်သော လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ ပုံမှန်အားဖြင့် (က) ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်း၊ (ခ) စိစစ်အတည်ပြုခြင်း၊ (ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် (ဃ) စာရင်းစစ်ဆေးခြင်း ဟူ၍ လုပ်ငန်းစဉ် ၄ ရပ် ပါဝင်ပါသည်။ ရှေ့တွင်ဘတ်ဂျက်စက်ဝန်း၌ ပါဝင်နိုင်သည့် ပြည်သူလူထု၏အခန်းကဏ္ဍကို အသေးစိတ်ဆွေးနွေးတင်ပြပါမည်။

## ရငွေ

အစိုးရ၏ ရငွေများဖြစ်ပြီး၊ မူဝါဒအပြောင်းအလဲနှင့် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် မူဝါဒနည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ ရငွေများကို အဓိကအားဖြင့် (က) သာမန်ရငွေ၊ (ခ) ငွေလုံး ငွေရင်းရငွေနှင့် (ဂ) ကြွေးမြီရငွေ ဟူ၍ ခွဲခြားနိုင်သည်။

## သာမန်ရငွေ

အခွန်အကောက်ရငွေများ၊ အခြားသာမန်ရငွေများ၊ ပြည်ထောင်စုမှလွှဲပြောင်းထောက်ပံ့ငွေများနှင့် သာမန် အသုံးစရိတ်အတွက် ပြည်ပအကူအညီရငွေများ ပါဝင်ပါသည်။

## ငွေလုံးငွေရင်းရငွေ

ငွေလုံးငွေရင်းရငွေတွင် မတည်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်းမှ ရငွေများ၊ ဖျက်သိမ်းလိုက်သောဌာန အဖွဲ့အစည်းများ၏ သီးသန့်ရန်ပုံငွေများ၊ မတည်အသုံးစရိတ်မှ ပြန်လည်ရရှိငွေများနှင့် ငွေလုံးငွေရင်းအသုံး စရိတ်အတွက်ရရှိသော ပြည်ပအကူအညီရငွေများ ပါဝင်ပါသည်။

## ကြွေးမြီရငွေ

ကြွေးမြီရငွေတွင် ပြည်တွင်းမှချေးယူငွေနှင့် ပြည်ပမှချေးယူငွေမှရငွေများ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေများ၊ စုဆောင်းငွေများ ပါဝင်သည်။

## အသုံးစရိတ်

အစိုးရအုပ်ချုပ်မှု ယန္တရားလည်ပတ်ရန်အတွက်လည်းကောင်း၊ ပြည်သူ့ဝန်ဆောင်မှုပေးရန်အတွက်လည်း ကောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည့် လမ်း၊ တံတား၊ ရေ၊ မီး စသည့် အခြေခံစီးပွားရေးအဆောက် အအုံများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကုန်ကျစရိတ်များအတွက်လည်းကောင်း အစိုးရ၏ဘဏ္ဍာရင်းမြစ်များကို ခွဲဝေသုံးစွဲခြင်းဖြစ်ပါသည်။ အသုံးစရိတ်တွင် (က) သာမန်အသုံးစရိတ်၊ (ခ) ငွေလုံးငွေရင်းအသုံးစရိတ်နှင့် (ဂ) ကြွေးမြီအသုံးစရိတ်တို့ ပါဝင်ပါသည်။

## သာမန်အသုံးစရိတ်

သာမန်အသုံးစရိတ်များမှာ ဝန်ထမ်းလစာများ၊ ပင်စင်နှင့် လုပ်သက်ဆုကြေးငွေများ၊ ပြင်ဆင်ထိန်းသိမ်းစရိတ် များ၊ ရုံးသုံးပစ္စည်းများဝယ်ယူခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုများပေးရန်အတွက် ကုန်ကျစရိတ်များစသည့် အစိုးရ ၏လုပ်ငန်းများလည်ပတ်ရန်မဖြစ်မနေသုံးရသည့် အထွေထွေကုန်ကျစရိတ်များကို ဆိုလိုသည်။

## ငွေလုံးငွေရင်းအသုံးစရိတ်

မော်တော်ယာဉ်၊ မြေ၊ စက်ယန္တရားများ၊ အဆောက်အအုံနှင့် လမ်း၊ တံတားကဲ့သို့သော တစ်နှစ်ထက်သက်တမ်းပို သည့် မတည်ပစ္စည်းများအတွက် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်များ ဖြစ်ပါသည်။

## ကြွေးမြီအသုံးစရိတ်

ကြွေးမြီအသုံးစရိတ်တွင် ပြည်တွင်းကြွေးမြီပြန်လည်ပေးဆပ်ခြင်းအတွက်အသုံးစရိတ်၊ ပြည်ပကြွေးမြီပြန်လည် ပေးဆပ်ခြင်းအတွက် အသုံးစရိတ်များ၊ အဖွဲ့အစည်းများတွင်ရင်းနှီးငွေ (ငွေကြေးအဖွဲ့အစည်းများတွင် ရင်းနှီး မြှုပ်နှံထားမည့်အသုံးစရိတ်) များပါဝင်ပါသည်။

## ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုသည်မှာ ပြည်သူ့ဝန်ဆောင်မှုများကို ထိရောက်အကျိုးရှိစွာ ဆောင်ရွက်ပေးနိုင် ရေးအတွက် နိုင်ငံတော်၏ဘဏ္ဍာရင်းမြစ်များကို စနစ်တကျထိန်းကြောင်းပေးသည့်စနစ်ဖြစ်ပါသည်။ ပြည်သူ့ ဘဏ္ဍာစီမံခန့်ခွဲမှုတွင် ရငွေနှင့်သုံးငွေများ စီမံခန့်ခွဲမှု၊ ရငွေ၊ အသုံးစရိတ်နှင့် မူဝါဒများချိတ်ဆက်မှု၊ အကောင် အထည်ဖော်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်သည့်အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုစသည့် ဘဏ္ဍာရေးစီမံ ခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းနှင့်ကိုက်ညီမှုရှိသော ပြည်သူ့ဘဏ္ဍာရေးအခြေအနေတစ်ရပ်လုံးကို ဆိုလိုပါသည်။ ၎င်း တွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းချမှတ်ခြင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို မဟာဗျူဟာမြောက်ခွဲဝေလျာထား ခြင်းနှင့် အစီရင်ခံခြင်းတို့ ပါဝင်ပါသည်။

## ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု

အစိုးရ၏လုပ်ငန်းဆောင်တာများနှင့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရ၏စီးပွားရေးနှင့် ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ပန်းတိုင်များနှင့် ရည်မှန်းချက်များ၊ ငွေရေးကြေးရေးဆိုင်ရာ မျှော်မှန်းချက်များနှင့် ပြည်သူ့ငွေစာရင်းများအား အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်သည့် မူဝါဒလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။


## တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း

တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းသည် ပြည်သူကို သတင်းအချက်အလက် ထုတ်ပြန်ရန်၊ ရှင်းလင်းတင်ပြရန် တာဝန်ခံ စေခြင်း သို့မဟုတ် မဲဆန္ဒရှင်ပြည်သူနှင့် ကတိကဝတ်ပြုခြင်းဖြစ်ပါသည်။

# အခန်း ၁

## ယခုစာစောင်သည် ပြည်သူ့အတွက် မည်သို့အကျိုးရှိပါသလဲ။

အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်များကို အများပြည်သူလွယ်လင့်တကူ သိရှိနားလည်နိုင်ရန် ယခုထုတ်ပြန်လိုက်သည့် ပြည်သူ့အတွက်ဘတ်ဂျက်စာစောင်ကို ဖတ်ရှုလေ့လာပြီး ဘတ်ဂျက်ရငွေများ၊ အသုံးစရိတ်သုံးစွဲမှုများနှင့်ပတ်သက်၍ ပြန်လည်မှတ်ချက်ပေးရန် တိုက်တွန်းအပ်ပါသည်။ ချင်းပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက်ပွင့်လင်းမြင်သာခြင်းမှတစ်ဆင့် အများပြည်သူပါဝင်နိုင်သည့်မူဝါဒရေးဆွဲမှုများကို ဆက်လက်ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိပါသည်။




ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိရေးသည် တာဝန်ယူ၊ တာဝန်ခံမှုရှိသော ကောင်းမွန်သည့်အစိုးရအုပ်ချုပ်ရေးအတွက် အရေးကြီးသော အခြေခံအကျဆုံးဆောင်ရွက်ချက်ဖြစ်ပါသည်။ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုဆိုရာတွင် ဘတ်ဂျက်လုပ်ငန်းစဉ်အဆင့်ဆင့်များ၊ မူဝါဒရွေးချယ်သတ်မှတ်မှုများ၊ အသုံးစရိတ် ခွဲဝေသုံးစွဲမှုများ၊ အသုံးစရိတ်အတွက် ဘဏ္ဍာငွေဖြည့်ဆည်းသည့် နည်းလမ်းများနှင့် ဘတ်ဂျက်အသုံးစရိတ်များမှရရှိမည့် အကျိုးရလဒ်များကို ပြည်သူလူထုအချိန်မှန်မှန်သိရှိနိုင်အောင်၊ လေ့လာအကြံပြုမှုများဆောင်ရွက်နိုင်အောင် ထုတ်ပြန်ပေးခြင်းဖြစ်ပါသည်။

ဘတ်ဂျက်ပွင့်လင်းမြင်သာခြင်းမှသည် အများပြည်သူပါဝင်ခွင့်ရှိသော မူဝါဒရေးဆွဲမှုများဖြစ်စေရေး၊ ပြည်သူ့လိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးမှုအလားအလာများကို ပံ့ပိုးပေးနိုင်မည့် အသုံးစရိတ်ခွဲဝေသုံးစွဲမှုများဖြစ်စေရေး၊ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်မှု အလေ့အထကောင်းများဖြစ်စေရေး၊ ကောင်းမွန်သည့် ဘဏ္ဍာရေးဆိုင်ရာရလဒ်များ၊ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးစသည့် မဏ္ဍိုင်အသီးသီးတွင် ရလဒ်ကောင်းများ သီးပွင့်လာစေရေးတို့ကို ဆောင်ကြဉ်းပေးနိုင်စေမည်ဖြစ်ပါသည်။



## ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ပွင့်လင်းမြင်သာမှုစာစောင်များ

ဘတ်ဂျက်လုပ်ငန်းစဉ်အတွင်းဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များကို (က) မူဝါဒအစီအစဉ်များ ရေးဆွဲခြင်းနှင့် ၎င်းကိုအကောင်အထည်ဖော်နိုင်ရန်ဘတ်ဂျက်ရေးဆွဲခြင်း၊ (၂) ပြည်နယ်လွှတ်တော်၌ ဆွေးနွေး ခြင်း၊ အတည်ပြုခြင်း၊ (၃) အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်း နှင့် (၄) စာရင်းစစ်ဆေး အကဲဖြတ်ခြင်း ဟူ၍ ၄ မျိုး ခွဲခြားနိုင်ပါသည်။

ဖော်ပြပါသရုပ်ဖော်ပုံတွင် ဘတ်ဂျက်လုပ်ငန်းစဉ်များနှင့် ဘတ်ဂျက်လုပ်ငန်းစဉ်တစ်ခုချင်းနှင့်သက်ဆိုင်သော ဘတ်ဂျက်ပွင့်လင်းမြင်သာရေးထုတ်ပြန်ချက်များကို ဖော်ပြထားပါသည်။



# စီမံကိန်းလုပ်ငန်းစဉ်နှင့် ဘတ်ဂျက်လုပ်ငန်းစဉ်တွင် ပြည်သူပါဝင်နိုင်သည့် အခွင့်အလမ်းများ

## ဒီဇင်ဘာလ

- လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနများမှ ဒေသလိုအပ်ချက်များကို စုစည်းပြုစုခြင်း၊
- ကွင်းဆင်းစစ်ဆေးခြင်း၊ ဒေသခံများနှင့် တွေ့ဆုံခြင်း၊
- ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းနှင့် ဒေသခံများနှင့်ဆွေးနွေးခြင်း၊

## ဇန်နဝါရီလ

- မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအစည်းအဝေးတွင် စိစစ်အတည်ပြုခြင်း၊
- ခရိုင်နှင့်ပြည်နယ်အဆင့် ဌာနကော်မတီများထံ အဆင့်ဆင့်တင်ပြခြင်း၊

## ဖေဖော်ဝါရီလ

- ပြည်နယ်ဘတ်ဂျက်ပါ ဌာနအဖွဲ့အစည်းများက ဘတ်ဂျက်အဆိုပြုလွှာများ တင်ပြခြင်း၊
- ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနက စိစစ်ခြင်း၊
- ပြည်နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီက စိစစ်ခြင်း၊

## မတ်လ

- ပြည်နယ်အစိုးရအဖွဲ့က စိစစ်၍ ပြည်နယ်လွှတ်တော်သို့ ပေးပို့ခြင်း၊
- လွှတ်တော်က စိစစ်၍ပြည်နယ် အစိုးရထံသို့ ပြန်လည်ပေးပို့ခြင်း၊

## ဧပြီလမှ ဩဂုတ်လအထိ

- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန (ရုံးချုပ်) များသို့ တင်ပြခြင်း၊
- ပြည်ထောင်စု စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက စိစစ်ခြင်း၊ ဒုတိယသမ္မတက စိစစ်ခြင်း၊
- အမျိုးသား စီမံကိန်းကော်မရှင် နှင့် ဘဏ္ဍာရေးကော်မရှင်တို့က အတည်ပြုခြင်း၊
- ပြည်ထောင်စု ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းခြင်း၊ ပြည်ထောင်စုလွှတ်တော်တွင်ဆွေးနွေးခြင်း၊

## စက်တင်ဘာလ

- ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးပါက ပြည်နယ်လွှတ်တော်သို့ ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ပြန်လည်တင်ပြခြင်း၊ အတည်ပြုခြင်း။
- ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေနှင့် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတို့ကို လက်မှတ်ရေးထိုးပြဌာန်းခြင်း၊

## အောက်တိုဘာလ ၁ ရက်နေ့မှ နောက်နှစ် စက်တင်ဘာလကုန်အထိ

- နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့မှ နောက်နှစ် စက်တင်ဘာလကုန်အထိသည် ဘဏ္ဍာရေးနှစ်ကာလဖြစ်ပါသည်။
- ၎င်းကာလအတွင်း ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ရငွေရှာဖွေခြင်း၊ အသုံးစရိတ်သုံးစွဲခြင်းများကို ဆောင်ရွက်ရပါသည်။



ပြည်သူပါဝင်ခွင့်ရှိသည့် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်လုပ်ငန်းစဉ်သည် အစိုးရ၏ မူဝါဒနှင့် အသုံးစရိတ်ရွေးချယ်သုံးစွဲမှုတို့ကို ပြည်သူ့လိုအပ်ချက်နှင့် ကိုက်ညီစေပါသည်။ ပြည်သူများအနေဖြင့် ဒီဇင်ဘာလအတွင်း လိုအပ်ချက်များ တင်ပြခြင်းဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်တလျှောက် အသုံးစရိတ်သုံးစွဲမှုများ၊ ရငွေလစ်ဟင်းမှုများကို စောင့်ကြည့်ထိန်းကျောင်းခြင်းဖြင့်လည်းကောင်း အစိုးရကို ပံ့ပိုးကူညီပေးနိုင်ပါသည်။


ဘတ်ဂျက်ပွင့်လင်းမြင်သာတာက
ဘယ်လောက်ထိ အကျိုးများမှာလဲ
ဦးဆုံးတော့ ပြည်သူတွေက ရငွေတွေ ဘယ်ကရတယ်၊ အသုံး
စရိတ်တွေကိုဘယ်လိုသုံးပေးနေတယ်ဆိုတာ သိစေမယ်လေ။
အဲ့ဒီကနေ ဘတ်ဂျက်ရေးဆွဲတာတွေ၊အကောင်အထည်ဖော်
တာတွေမှာ ပြည်သူတွေပိုပြီး ပါဝင်လာနိုင်စေမယ်လေ။
ဒါဆို ပြည်သူ့ဆန္ဒတွေ၊ လိုအပ်ချက်တွေနဲ့
ကိုက်ညီတဲ့ အသုံးစရိတ်တွေဖြစ်လာမယ်လေ။
ပြောရရင် ဒေသတွေကို ပိုပြီးဖွံ့ဖြိုး
လာစေမှာပေါ့ရှင့်။

# အခန်း ၂

## မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း

မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒကို အရှိန်မြှင့်တင်အကောင်အထည်ဖော်နိုင်ရန် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကိုရေးဆွဲထားပါသည်။ စစ်မှန်၍ အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေး အတွက် မူဝါဒများနှင့် အဖွဲ့အစည်းများအကြား အပြန်အလှန်ညီညွတ်မှုရှိရေးရည်ရွယ်ချက်အပေါ်အခြေခံ၍ ပြုပြင်ပြောင်းလဲမှုများကို ရှင်းသန့်တက်ကြွလာစေရန်နှင့် လုပ်ငန်းစဉ်များကို ရဲဝံ့စွာဆောင်ရွက်နိုင်ရန် MSDP ကို ရေးဆွဲထားပါသည်။

MSDP ကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၊ ဒေသတွင်းကတိကဝတ် သဘောတူညီမှုများ၊ မဟာဗျူဟာမူဘောင်များဖြင့် ကိုက်ညီမှုရှိသော မဏ္ဍိုင် ၃ ရပ်၊ ပန်းတိုင် ၅ ခု၊ မဟာဗျူဟာ ၂၈ ခု၊ လုပ်ငန်းအစီအစဉ် ၂၅၁ ခုတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ရှေ့စာမျက်နှာတွင်ဖော်ပြမည့် ချင်းပြည်နယ်အစိုးရ၏ မူဝါဒ၊ ရည်မှန်းချက်များမှာ MSDP နှင့်ချိတ်ဆက်ထားပါသည်။

### မဏ္ဍိုင်(၁)
ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု

**ပန်းတိုင်(၁)**
ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှု

မဟာဗျူဟာ(၅)ခု
လုပ်ငန်း အစီအစဉ် (၃၅)ခု

**ပန်းတိုင်(၂)**
စီးပွားရေး တည်ငြိမ်မှုနှင့် ခိုင်မာအားကောင်းသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု

မဟာဗျူဟာ(၅)ခု
လုပ်ငန်း အစီအစဉ် (၄၁)ခု

### မဏ္ဍိုင်(၂)
သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု

**ပန်းတိုင်(၃)**
အလုပ်အကိုင်ဖန်တီးရေး နှင့် ပုဂ္ဂလိက ကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးရေး

မဟာဗျူဟာ(၇)ခု
လုပ်ငန်း အစီအစဉ် (၇၅)ခု

### မဏ္ဍိုင်(၃)
ပြည်သူများနှင့် ကမ္ဘာမြေ

**ပန်းတိုင်(၄)**
၂၁ရာစု လူမှု အသိုက်အဝန်းအတွက် လူသားအရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး

မဟာဗျူဟာ(၅)ခု
လုပ်ငန်း အစီအစဉ် (၄၇)ခု

**ပန်းတိုင်(၅)**
နိုင်ငံ၏ အနာဂတ်မျိုးဆက်များ အတွက်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်

မဟာဗျူဟာ(၆)ခု
လုပ်ငန်း အစီအစဉ် (၅၃)ခု

# ချင်းပြည်နယ်၏ဦးတည်မျှော်မှန်းချက်၊ မူဝါဒနှင့်ရည်မှန်းချက်များ

၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဦးတည်မျှော်မှန်းချက်၊ မူဝါဒနှင့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

## (က) ဦးတည်မျှော်မှန်းချက်

အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေပြီး အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေကာ ဒေသတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး။

## (ခ) မူဝါဒများ

(၁) အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊

(၂) မြို့ပြနှင့် ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊

(၃) ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေး၊

(၄) လူမှုစီးပွားမြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊

(၅) အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊

(၆) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေး၊

(၇)သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေပြီး သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရေး၊

(၈) E-Government System  အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

## (ဂ) ရည်မှန်းချက်များ

(၁) လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်နိုင်ရေးဆောင်ရွက်ရန်၊

(၂) မြို့ရွာများတွင် ခေတ်မီသော စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေး ဆောင်ရွက်ရန်၊

(၃) လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊

(၅) ကုန်းမြင့်လယ်ယာများ တိုးတက်ဖော်ထုတ်ရန်နှင့် အော်ဂင်းနစ် စိုက်ပျိုးရေး အပါအဝင် ဝင်ငွေရသီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရန်၊

(၆) ချင်းပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာသုတေသနလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်ရန်၊

(၇) သဘာဝသစ်တောသယံဇာတများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၈) ပညာရေး၊ ကျန်းမာရေး နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊

(၉) အိမ်တွင်းတစ်ပိုင်တစ်နိုင်နှင့် အသေးစား၊အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး အားပေးမြှင့်တင်ရန်နှင့် SME မှတ်ပုံတင်ထားသော လုပ်ငန်းရှင်များနှင့် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များအား နှစ်လတ်ချေးငွေများ ထုတ်ချေးရေးဆောင်ရွက်ရန်၊

(၁၀) မြို့ပြဖွံ့ဖြိုးစည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်၊

(၁၁) သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊

(၁၂) ပြည်သူများ ဆင်းရဲမှုလျော့ကျလာစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့် ဖန်တီးပေးရန်၊

(၁၃) ပြည်တွင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အပံ့များ တိုးတက် ရရှိရေးဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံလိုသူများကိုဖိတ်ခေါ်၍ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံရေး အားပေးဆောင်ရွက်ရန်၊

(၁၄) နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်နိုင်ရေး ဆောင်ရွက်ရန်၊

(၁၅) ချင်းပြည်နယ်၏ E-Government System အကောင်အထည်ဖော်ရေးအတွက် Web Portal ၏အဆင့် (၁) လုပ်ငန်းဖြစ်သော အစိုးရမှပြည်သူသို့ သတင်းအချက်အလက်များ ဖြည့်စွက်ဖောင်များ၊ လုပ်ထုံးလုပ်နည်းများ ပေးအပ်သည့်စနစ် E-Government System တည်ဆောက်ရန်နှင့် အဆင့် (၂) လုပ်ငန်းဖြစ်သော အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့်အစိုးရ အပြန်အလှန်ဆက်သွယ်နိုင်သော E-Government System တည်ဆောက်ရန်။

# ချင်းပြည်နယ်၏ဘတ်ဂျက်ပါဌာန၊ အဖွဲ့အစည်းများ

## ဗဟိုအဖွဲ့အစည်းများ

- ပြည်နယ်အစိုးရအဖွဲ့
- ပြည်နယ်လွှတ်တော်
- ပြည်နယ်တရားလွှတ်တော်
- ပြည်နယ်ဥပဒေချုပ်ရုံး
- ပြည်နယ်စာရင်းစစ်ချုပ်ရုံး

## ပြည်ထဲရေးဝန်ကြီးဌာန

- အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
- မီးသတ်ဦးစီးဌာန

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

- စိုက်ပျိုးရေးဦးစီးဌာန
- ငါးလုပ်ငန်းဦးစီးဌာန
- မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
- သမဝါယမဦးစီးဌာန
- အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

- သစ်တောဦးစီးဌာန
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

- လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

- အားကစားနှင့်ကာယပညာဦးစီးဌာန

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

- စီမံကိန်းရေးဆွဲရေးဦးစီးဌာန
- ဗဟိုစာရင်းအင်းအဖွဲ့
- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန

- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

## ဆောက်လုပ်ရေးဝန်ကြီးဌာန

- မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန
- လမ်းဦးစီးဌာန
- ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန

## စည်ပင်သာယာရေးအဖွဲ့များ


# အခန်း ၃

## ချင်းပြည်နယ်၏ စီးပွားရေး

စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) ဆိုသည်မှာ ဒေသတစ်ခု၌ နှစ်တစ်နှစ်အတွင်း ထုတ်လုပ်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ စုစုပေါင်းတန်ဖိုးဖြစ်ပါသည်။ ဂျီဒီပီသည် ဒေသတစ်ခု၏ စီးပွားရေးအရွယ်အစားနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ညွှန်ပြပါသည်။


ချင်းပြည်နယ်၏ စီးပွားရေးမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာလျက်ရှိပါသည်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၏ စီးပွားရေးမှာ ပုံမှန်ဈေးနှုန်းအရ ၇.၉ % တိုးတက်မည်ဟု မျှော်မှန်းပါသည်။[၁]

### ချင်းပြည်နယ်၏ ဂျီဒီပီ




၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်
ချင်းပြည်နယ်တွင် လူတစ်ဦး၏ ပျမ်းမျှ
ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး =
**၉၄၀,၁၄၂ ကျပ်**

### ချင်းပြည်နယ်၏ဂျီဒီပီတွင် ကဏ္ဍကြီးအလိုက်ပါဝင်မှု (ကျပ်သန်းပေါင်း)




[၁] ဂျီဒီပီတန်ဖိုးတွက်ချက်ရာတွင် ငွေဖောင်းပွမှုကြောင့် ဂျီဒီပီဖောင်းပွခြင်းမရှိစေရန် နှစ်တစ်နှစ်၏ဈေးနှုန်းများကို အခြေခံထား၍တွက်နိုင်ပြီး "ပုံမှန်ဈေးနှုန်း" ဖြင့် တွက်ချက်သည်ဟု ရည်ညွှန်းပါသည်။ ၂၀၁၉-၂၀၂၀ အတွက် မျှော်မှန်းတိုးတက်နှုန်း ၇.၉ % မှာ ငွေဖောင်းပွမှုနှုန်းကို ဖယ်နှုတ်ထားသည့် ကိန်းဂဏန်းဖြစ်ပါသည်။

| လယ်ယာကဏ္ဍကြီး | တန်ဖိုး(ကျပ်သန်းပေါင်း) | စုစုပေါင်းဂျီဒီပီတွင်ပါဝင်မှု % |
|---|---|---|
| လယ်ယာကဏ္ဍ | ၄၇,၀၇၂ | ၉.၆% |
| သားငါးကဏ္ဍ | ၁၀၆,၉၁၅ | ၂၁.၈% |
| သစ်တောကဏ္ဍ | ၁,၂၃၆ | ၀.၃% |

| စက်မှုကဏ္ဍကြီး | တန်ဖိုး(ကျပ်သန်းပေါင်း) | စုစုပေါင်းဂျီဒီပီတွင်ပါဝင်မှု % |
|---|---|---|
| စွမ်းအင်ကဏ္ဍ | | |
| သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၂,၂၄၄ | ၀.၅% |
| စက်မှုလက်မှုကဏ္ဍ | ၁၈,၁၃၆ | ၃.၇% |
| လျှပ်စစ်ဓာတ်အားကဏ္ဍ | ၂,၁၇၀ | ၀.၄% |
| ဆောက်လုပ်မှုကဏ္ဍ | ၁၇၀,၅၈၀ | ၃၄.၆% |

| ဝန်ဆောင်မှုကဏ္ဍကြီး | တန်ဖိုး(ကျပ်သန်းပေါင်း) | စုစုပေါင်းဂျီဒီပီတွင်ပါဝင်မှု % |
|---|---|---|
| ပို့ဆောင်ရေးကဏ္ဍ | ၆,၁၅၂ | ၁.၃ % |
| ဆက်သွယ်ရေးကဏ္ဍ | ၉,၀၇၂ | ၁.၈% |
| ငွေရေးကြေးရေးကဏ္ဍ | ၃၃၉ | ၀.၁% |
| လူမှုရေး နှင့် စီမံခန့်ခွဲရေးကဏ္ဍ | ၄၅,၄၅၈ | ၉.၃% |
| ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ | ၁၁,၁၃၈ | ၂.၃% |
| ကုန်သွယ်မှုကဏ္ဍ | ၇၀,၅၅၂ | ၁၄.၃% |

## ချင်းပြည်နယ်၏ ခရိုင်အလိုက် ဂျီဒီပီ

| ခရိုင် | ကျပ်သန်းပေါင်း |
|---|---|
| ဖလမ်းခရိုင် | ၁၅၉,၄၅၁ |
| ဟားခါးခရိုင် | ၁၂၄,၀၅၀ |
| မင်းတပ်ခရိုင် | ၂၀၇,၅၆၃ |
| စုစုပေါင်း | ၄၉၁,၀၆၄ |


# ချင်းပြည်နယ်၏ ဘတ်ဂျက်အသုံးစရိတ်များ

ပြည်နယ်ဘတ်ဂျက် အသုံးစရိတ်များတွင် ပြည်သူ့ဝန်ဆောင်မှုအတွက် သာမန်အသုံးစရိတ်နှင့် အခြေခံအဆောက်အအုံ၊ စက်ယန္တရားစသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်များ ဟူ၍ ခွဲခြားနိုင်ပါသည်။

၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၏ဘတ်ဂျက်အသုံးစရိတ်မှာ ကျပ် ၁၆၄,၈၃၂ သန်း ရှိမည်ဟု ခန့်မှန်းပါသည်။ ကိန်းဂဏန်းများအရ ၂၀၁၉ ခု၊ အောက်တိုဘာလအထိ ပြည်နယ်အတွင်း လူဦးရေ ၅၀၀,၃၉၈ ဦး ရှိသည်ဖြစ်ရာ လူတစ်ဦးအတွက် ကျပ် ၃၂၉,၄၀၂ ခန့် သုံးစွဲပေးနိုင်မည်ဖြစ်ပါသည်။

### ချင်းပြည်နယ်အသုံးစရိတ်များအပေါ် ရှင်းလင်းချက်

၂၀၁၆ - ၂၀၁၇ မှ ၂၀၁၉ - ၂၀၂၀ ထိ၊ ကျပ်သန်းပေါင်း





### ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်ဘတ်ဂျက်အသုံးစရိတ်

| အမျိုးအစား | ကျပ်သန်းပေါင်း | ပါဝင်မှု % |
|---|---|---|
| သာမန်အသုံးစရိတ် | ၃၇,၆၀၄ | ၂၃% |
| ငွေလုံးငွေရင်းအသုံးစရိတ် | ၁၂၇,၂၂၈ | ၇၇% |

# ပြည်နယ်ဘတ်ဂျက်မှ သာမန်အသုံးစရိတ်

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၏ သာမန်အသုံးစရိတ်မှာ ကျပ် ၃၇,၆၀၄ သန်း ရှိမည်ဟု ခန့်မှန်းပါသည်။ သာမန်အသုံးစရိတ်တွင် ပြင်ဆင်ထိန်းသိမ်းစရိတ်မှာ ကျပ် ၁၅,၅၁၃ သန်းဖြင့် အများဆုံးပါဝင်ပြီး ၎င်းတွင် လမ်းဦးစီးဌာန၏ ပြင်ဆင်ထိန်းသိမ်းစရိတ်မှာ ကျပ် ၁၄,၁၀၈ သန်းပါဝင်ပါသည်။

### ချင်းပြည်နယ်၏ သာမန်အသုံးစရိတ်များ
(အမျိုးအစားအလိုက်၊ ရာခိုင်နှုန်း)




### ချင်းပြည်နယ်၏ သာမန်အသုံးစရိတ်များ
(အမျိုးအစားအလိုက်၊ ကျပ်သန်းပေါင်း)


| အမျိုးအစား | ကျပ်သန်းပေါင်း |
|---|---|
| ပြင်ဆင်ထိန်းသိမ်းစရိတ် | ၁၅,၅၁၃ |
| လစာ၊စရိတ်၊ချီးမြှင့်ငွေစသည်များ | ၁၃,၈၄၇ |
| ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ခြင်း၊ တို့အတွက်ကုန်ကျစရိတ်နှင့် လုပ်အားခ | ၄,၁၀၅ |
| အရေးပေါ်ရန်ပုံငွေ | ၁,၀၀၀ |
| ပြည်ထောင်စုလွှတ်တော်မှ သတ်မှတ်ပေးသောရန်ပုံငွေ | ၉၀၀ |
| ဓါတ်ဆီ၊စက်ဆီ၊ချောဆီ | ၈၉၈ |

| အမျိုးအစား | ကျပ်သန်းပေါင်း |
|---|---|
| ခရီးသွားလာစရိတ် | ၅၄၉ |
| ပညာရေးနှင့်လူမှုရေးအသုံးစရိတ် | ၃၅၉ |
| ဧည့်ခံကျွေးမွေးစရိတ် | ၂၀၅ |
| လုပ်ငန်းကုန်ကျစရိတ် | ၁၀၅ |
| အခြားသာမန်အသုံးစရိတ်များ | ၁၂၃ |
| စုစုပေါင်း | ၃၇,၆၀၄ |

## ပြည်နယ်ဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ်


၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်ဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် ၁၂၇,၂၂၈ သန်း ရှိမည်ဖြစ်ပါသည်။ ဖော်ပြပါသရုပ်ဖော်ပုံတွင် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ထိ ချင်းပြည်နယ်၏ငွေလုံးငွေရင်းအသုံးစရိတ်များကို နှိုင်းယှဉ်ဖော်ပြအပ်ပါသည်။

ချင်းပြည်နယ်၏ ငွေလုံးငွေရင်းအသုံးစရိတ်များ
(၂၀၁၆-၂၀၁၇ မှ ၂၀၁၉-၂၀၂၀ ထိ၊ ကျပ်သန်းပေါင်း)




၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ထိ ချင်းပြည်နယ်၏ ငွေလုံးငွေရင်း သုံးစွဲမှုကို လုပ်ငန်းအမျိုးအစားအလိုက် ခွဲခြားဖော်ပြထားပါသည်။


လုပ်ငန်းအမျိုးအစားအလိုက် ငွေလုံးငွေရင်းသုံးစွဲမှုနှိုင်းယှဉ်ချက်
(၂၀၁၆ - ၂၀၁၇ မှ ၂၀၁၉ - ၂၀၂၀ ထိ၊ ရာခိုင်နှုန်းအလိုက်)



## ဌာနအလိုက် ငွေလုံးငွေရင်းအသုံးစရိတ်များ

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်ဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် ၁၂၇,၂၂၈ သန်း ရှိမည်ဟု ခန့်မှန်းပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်စုစုပေါင်းတွင် လမ်းဦးစီးဌာန၏အသုံးစရိတ်မှာ ကျပ် ၅၁,၃၉၁ သန်း ဖြင့်အများဆုံးပါဝင်ပြီး အစိုးရအဖွဲ့၏အသုံးစရိတ်မှာ ၂၄,၂၇၃ သန်းဖြင့် ဒုတိယအများဆုံး ပါဝင်ပါသည်။ (အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်များကို အောက်တွင် ဇယားဖြင့် ဌာနအလိုက် ရှင်းလင်းပါမည်။)

### ချင်းပြည်နယ်၏ ငွေလုံးငွေရင်းအသုံးစရိတ်များ
(ဌာနအလိုက်၊ ကျပ်သန်းပေါင်း)




- လမ်းဦးစီးဌာန - ၅၁,၃၉၁ သန်း (၄၀%)
- ပြည်နယ်အစိုးရအဖွဲ့ - ၂၄,၂၇၃ သန်း (၁၉%)
- ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန - ၂၃,၅၅၂ သန်း (၁၈%)
- စည်ပင်သာယာရေးအဖွဲ့များ - ၈,၄၈၄ သန်း (၇%)
- လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း - ၇,၃၁၀ သန်း (၆%)
- အခြားဌာန၊ အဖွဲ့အစည်းများ - ၁၂,၂၁၈ သန်း (၁၀%)


### ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်များ

| ဌာန၊ အဖွဲ့အစည်းများ | ကျပ်သန်းပေါင်း |
|---|---|
| အစိုးရအဖွဲ့ရုံး | ၁,၁၄၃ |
| နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၁၈,၃၈၉ |
| ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | ၂,၈၉၈ |
| ကုန်းမြင့်လယ်ယာဦးစီးဌာန | ၈၅၃ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၈၄၀ |
| တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | ၉၀ |
| ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | ၃၅ |
| မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | ၂၅ |
| စုစုပေါင်း | ၂၄,၂၇၃ |

## ခရိုင်အလိုက် ငွေလုံးငွေရင်းအသုံးစရိတ်များ

၂၀၁၉ - ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်ဘတ်ဂျက်မှ ခရိုင်အလိုက် ငွေလုံးငွေရင်းအသုံးစရိတ်များကို သရုပ်ဖော်ပုံတွင် ဖော်ပြထားပါသည်။

ချင်းပြည်နယ်၏ ငွေလုံးငွေရင်း အသုံးစရိတ်များ
(ခရိုင်အလိုက်၊ ကျပ်သန်းပေါင်း)





## ပြည်ထောင်စုဘတ်ဂျက်မှ ချင်းပြည်နယ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်များ

၂၀၁၉ - ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အတွက် ပြည်ထောင်စုဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် ၁၃၆,၀၆၀ သန်းရှိပြီး လူတစ်ဦးကျအတွက် ၂၇၁,၉၀၃ ကျပ် ခန့်သုံးစွဲပေးနိုင်မည်ဖြစ်ပါသည်။

| ဝန်ကြီးဌာန၊အဖွဲ့အစည်း | ကျပ်သန်းပေါင်း |
|---|---|
| ပညာရေးဝန်ကြီးဌာန | ၄၉,၈၆၂ |
| ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂၉,၃၄၇ |
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၁၈,၅၇၇ |
| ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၃,၄၁၅ |
| နယ်စပ်ရေးရာဝန်ကြီးဌာန | ၈,၀၇၈ |
| စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၅,၁၇၉ |
| လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၄,၇၆၇ |
| ပြည်ထဲရေးဝန်ကြီးဌာန | ၃,၆၈၉ |
| ဗဟိုအဖွဲ့အစည်းများ | ၁,၈၇၂ |
| လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၅၁၉ |
| သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၂၂၆ |
| သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၂၀၀ |
| အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၁၂၄ |
| စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၈၀ |
| ပြန်ကြားရေးဝန်ကြီးဌာန | ၇၉ |
| စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ၄၆ |
| စုစုပေါင်း | ၁၃၆,၀၆၀ |

၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အတွင်း ပြည်ထောင်စုဘတ်ဂျက်မှ ခရိုင်အလိုက် ငွေလုံးငွေရင်းအသုံးစရိတ်ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

## ၂၀၁၉ - ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်မှ ချင်းပြည်နယ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ် (ခရိုင်အလိုက်)




ပြည်ထောင်စုဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ်များတွင် ပညာရေးဝန်ကြီးဌာနမှ အသုံးစရိတ်သည် ကျပ် ၄၉,၈၆၂ သန်းဖြင့် အများဆုံးပါဝင်ပြီး ဌာနများ၏ အသုံးစရိတ်နှင့် အခြေခံပညာဦးစီးဌာန၏ မြို့နယ်အလိုက် အသုံးစရိတ်များကို အောက်ပါဇယားအတိုင်း ဖော်ပြထားပါသည်။

| ပညာရေးဝန်ကြီးဌာန | ကျပ်သန်းပေါင်း |
|---|---|
| အခြေခံပညာဦးစီးဌာန | ၁၇,၈၆၈ |
| အဆင့်မြင့်ပညာဦးစီးဌာန | ၁၇,၇၉၀ |
| နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန | ၁၄,၂၀၄ |
| စုစုပေါင်း | ၄၉,၈၆၂ |

| မြို့နယ် | အခြေခံပညာဦးစီးဌာန | |
|---|---|---|
| | အရေအတွက်(ကျောင်း) | ကျပ်သန်းပေါင်း |
| ဟားခါး | ၇ | ၁,၅၅၇ |
| ထန်တလန် | ၈ | ၂,၂၂၁ |
| တီးတိန် | ၉ | ၇၅၆ |
| တွန်းဇန် | ၁၀ | ၁,၁၅၂ |
| ဖလမ်း | ၁၃ | ၁,၉၂၃ |
| ကန်ပက်လက် | ၂၄ | ၂,၅၈၅ |
| ပလက်ဝ | ၈ | ၉၂၁ |
| မတူပီ | ၁၀ | ၂,၁၉၅ |
| မင်းတပ် | ၉ | ၁,၂၁၁ |
| စုစုပေါင်း | ၉၈ | ၁၄,၅၂၁ |

မှတ်ချက် - အခြေခံပညာဦးစီးဌာန၏ အခြားအသုံးစရိတ်များမှာ သိပ္ပံဆောင်၂ ခုအတွက် ကျပ် ၂၃၄ သန်း၊ ဆရာ/မဆောင်၊ ဝန်ထမ်းအိမ်ရာအတွက် ကျပ် ၉၄၀ သန်း၊ ပညာရေးမှူးရုံးများအတွက် ကျပ် ၂,၀၁၃ သန်း၊ အစည်းအဝေးခန်းမဆောင် ကျပ် ၁၆၀ သန်း တို့ဖြစ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ငွေလုံးငွေရင်းအသုံးစရိတ်သည် ကျပ် ၂၉,၃၄၇ သန်းဖြင့် ဒုတိယအများဆုံးပါဝင်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှဌာနများ၏ ချင်းပြည်နယ်အတွင်းအသုံးစရိတ်များကို ဖော်ပြအပ်ပါသည်။


| ဆောက်လုပ်ရေးဝန်ကြီးဌာန | ကျပ်သန်းပေါင်း |
|---|---|
| လမ်းဦးစီးဌာန | ၁၃,၈၅၂ |
| တံတားဦးစီးဌာန | ၇,၈၂၉ |
| ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | ၇,၆၆၆ |
| စုစုပေါင်း | ၂၉,၃၄၇ |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ငွေလုံးငွေရင်းအသုံးစရိတ်သည် ကျပ် ၁၈,၅၇၇ သန်းဖြင့် တတိယအများဆုံးပါဝင်ပြီး ဌာနများ၏ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကုသရေးဦးစီးဌာန၏ မြို့နယ်အလိုက်အသုံးစရိတ်များကို အောက်ပါဇယားအတိုင်း ဖော်ပြထားပါသည်။

| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ကျပ်သန်းပေါင်း |
|---|---|
| ကုသရေးဦးစီးဌာန | ၉,၂၆၇ |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၃,၆၁၇ |
| အားကစားနှင့်ကာယပညာဦးစီးဌာန | ၃,၄၂၅ |
| ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | ၁,၃၆၄ |
| တိုင်းရင်းဆေးပညာဦးစီးဌာန | ၇၇၆ |
| အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ၁၂၈ |
| စုစုပေါင်း | ၁၈,၅၇၇ |

| ကုသရေးဦးစီးဌာန | ကျပ်သန်းပေါင်း |
|---|---|
| ဟားခါး | ၈၅၅ |
| ထန်တလန် | ၁,၄၆၆ |
| တီးတိန် | ၁,၂၇၄ |
| တွန်းဇံ | ၅၂၈ |
| ဖလမ်း | ၁,၃၅၉ |
| ကန်ပက်လက် | ၁,၂၁၁ |
| ပလက်ဝ | ၉၅၆ |
| မတူပီ | ၈၁၀ |
| မင်းတပ် | ၈၀၈ |
| စုစုပေါင်း | ၉,၂၆၇ |

# အစိုးရအသုံးစရိတ်များနှင့် စီးပွားရေး





အစိုးရတစ်ရပ်သည် ယေဘုယျအားဖြင့် စီးပွားရေးတိုးတက်ရန်နှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် အသုံးစရိတ် သုံးစွဲရပါသည်။ အစိုးရ၏ အသုံးစရိတ်များက စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမှု၊ ပို၍မြင့်မားသည့်လူနေမှုအဆင့်အတန်း၊ ဆင်းရဲနွမ်းပါးမှုလိုအပ်ချက်များ လျော့ကျစေမှုတို့ကို ဖြစ်ပေါ်စေပါသည်။ ထိုသို့သော ပြည်သူများအားလုံးအကျိုးရှိစေမည့်အသုံးစရိတ်များအတွက် ဘဏ္ဍာငွေလိုအပ်ပြီး ၎င်းကိုပြည်သူများထံမှ အခွန်အကောက်ရငွေများနှင့် အခြားဘဏ္ဍာရင်းမြစ်များမှ ရယူရပါသည်။ ဖော်ပြထားသည့်အသုံးစရိတ်များအတွက် ချင်းပြည်နယ်အစိုးရက မည်သို့ဘဏ္ဍာငွေစုစည်းသည်ကို ရှေ့တွင် တင်ပြပါမည်။


တို့ပြည်နယ်ကတော့ နှစ်တိုင်းမှာ
လမ်းပန်းနဲ့ လျှပ်စစ်ဓာတ်အားအတွက်ရော
ဒေသဖွံ့ဖြိုးရေးအတွက်ရော
အလေးထားပြီး၊ အသုံးစရိတ်ကို
ပိုသုံးပေးနေတယ်ကွ။
ဟုတ်တာပေါ့ရှင်။
အသုံးစရိတ်အတွက် ဘဏ္ဍာငွေ
အတော်လိုအပ်မှာဘဲနော်။
လိုအပ်တဲ့ဘဏ္ဍာငွေကို
ပြည်ထောင်စုအစိုးရက
အဓိကပံ့ပိုးပေးတယ်ဆို...
ဟုတ်တယ်မျ။
ဒီဘဏ္ဍာနှစ်အတွက်ပြည်ထောင်စုကပံ့ပိုးငွေ
ကျပ် ၁၅၆ ဘီလီယံ ရမှာမို့လို့ လူတစ်ဦးကျကို
ပြည်နယ်ဘတ်ဂျက်ကနေ ကျပ် ၃ သိန်းကျော်
သုံးစွဲပေးနိုင်မယ်။ ပြည်ထောင်စုဘတ်ဂျက်
ကနေလည်း ချင်းပြည်နယ်အတွက် လူတစ်ဦးကို
၂ သိန်း ၇ သောင်းဝန်းကျင် ထပ်သုံးမှာလေ။


# ချင်းပြည်နယ်၏ဘတ်ဂျက်ရငွေများ

ချင်းပြည်နယ်၏ ဘတ်ဂျက်ရငွေများကို ယေဘုယျအားဖြင့် (၁) ပြည်နယ်ကကိုယ်တိုင်ရှာဖွေရငွေများ (၂) ပြည်ထောင်စုမှလွှဲပြောင်းထောက်ပံ့ငွေများ ဟူ၍ခွဲခြားနိုင်ပါသည်။

### ချင်းပြည်နယ်၏ဘတ်ဂျက်ရငွေများ
(၂၀၁၆-၂၀၁၇ မှ ၂၀၁၉-၂၀၂၀ ထိ၊ ကျပ်သန်းပေါင်း)




### ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာရငွေများ
(အမျိုးအစားအလိုက်)




| ပြည်နယ်ကကိုယ်တိုင်ရှာဖွေရငွေများ | ကျပ်သန်းပေါင်း |
|---|---|
| အခွန်အကောက်ရငွေ | ၅၆၃ |
| အခြားသာမန်ရငွေ | ၉၇၁ |


| ပြည်ထောင်စုမှလွှဲပြောင်း ထောက်ပံ့ငွေများ | ကျပ်သန်းပေါင်း |
|---|---|
| ပြည်ထောင်စုထောက်ပံ့ငွေ | ၁၅၅,၇၆၇ |
| အခွန်ဝေစု | ၅,၆၃၁ |
| အရေးပေါ်ရန်ပုံငွေ | ၁,၀၀၀ |
| ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ | ၉၀၀ |

# ပြည်နယ်က ကိုယ်တိုင်ရှာဖွေရငွေများ

## (က) အခွန်အကောက်ရငွေများ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေများ၏ ဇယား ၅ အရ တိုင်းဒေသကြီး၊ ပြည်နယ်များကို ကောက်ခံခွင့်ပေးထားသည့် အခွန်အခများအနက် ချင်းပြည်နယ်ဘတ်ဂျက်တွင်ပါဝင်သည့် ဦးစီးဌာန၊ အဖွဲ့အစည်း (၄) ခုက အခွန်အမျိုးအစား (၇) မျိုးကိုကောက်ခံပါသည်။ ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၏အခွန်အကောက်ရငွေမှာ ကျပ် ၅၆၃ သန်းရှိမည်ဟုခန့်မှန်းပါသည်။ ကိန်းဂဏန်းများအရ ၂၀၁၉ ခု၊ အောက်တိုဘာလအထိ ပြည်နယ်အတွင်း လူဦးရေ ၅၀၀,၃၉၈ ဦး ရှိသည်ဖြစ်ရာ ပြည်နယ်အတွင်း လူတစ်ဦးကျလျှင် ၁,၁၂၅ ကျပ်ခန့်သာ ကောက်ခံနိုင်ခြင်းဖြစ်ပါသည်။

### ချင်းပြည်နယ်၏ အခွန်အကောက်ရငွေများ
(အမျိုးအစားအလိုက်၊ ရာခိုင်နှုန်း)




* အခြားအခွန်အကောက်များတွင် မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ အင်းအိုင်ခွန်၊ သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန်နှင့် ဘီးခွန်တို့ ပါဝင်ပါသည်။

### ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၏ အခွန်အကောက်ရငွေများ


| အမျိုးအစား | ကျပ်သန်းပေါင်း |
|---|---|
| **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** | |
| ယစ်မျိုးခွန် | ၇၀ |
| မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | ၆ |
| ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | ၁၄၄ |
| **ငါးလုပ်ငန်းဦးစီးဌာန** | |
| အင်းအိုင်ခွန် | ၀.၁၂၅ |

| အမျိုးအစား | ကျပ်သန်းပေါင်း |
|---|---|
| **သစ်တောဦးစီးဌာန** | |
| သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | ၆၃ |
| **စည်ပင်သာယာရေးအဖွဲ့များ** | |
| ပစ္စည်းခွန် | ၂၆၄ |
| ဘီးခွန် | ၁၆ |
| စုစုပေါင်း | ၅၆၃ |

## (ခ) အခြားသာမန်ရငွေ

၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၏ အခြားသာမန်ရငွေများမှ ကျပ် ၉၇၁ သန်း ရှိမည်ဟု ခန့်မှန်းပါသည်။

### ချင်းပြည်နယ်၏ အခြားသာမန်ရငွေများ
(ဌာနအလိုက်၊ ရာခိုင်နှုန်း)




### ချင်းပြည်နယ်၏ အခြားသာမန်ရငွေများ
(ဌာနအလိုက်၊ ကျပ်သန်းပေါင်း)

| ဌာန၊အဖွဲ့အစည်း | ကျပ်သန်းပေါင်း |
|---|---|
| စည်ပင်သာယာရေးအဖွဲ့များ | ၇၉၇ |
| ပြည်နယ်တရားလွှတ်တော် | ၉၆ |
| မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၁၉ |
| ပြည်နယ်အစိုးရအဖွဲ့ | ၁၆ |
| မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၉ |
| အားကစားနှင့် ကာယပညာဦးစီးဌာန | ၈ |
| လမ်းဦးစီးဌာန | ၈ |
| အခြားဌာန၊ အဖွဲ့အစည်းများ | ၁၈ |
| စုစုပေါင်း | ၉၇၁ |


## ပြည်ထောင်စုမှလွှဲပြောင်းထောက်ပံ့ငွေများ

### (က) ပြည်ထောင်စုထောက်ပံ့ငွေ

ချင်းပြည်နယ်အစိုးရ၏ ဘတ်ဂျက်ရငွေများမှာ အသုံးစရိတ်အတွက် လုံလောက်ခြင်းမရှိသည့်အတွက် ပြည်ထောင်စုမှထောက်ပံ့ငွေများဖြင့် ဘဏ္ဍာငွေဖြည့်ဆည်းပါသည်။ ပြည်ထောင်စုက ချင်းပြည်နယ်သို့ထောက်ပံ့ငွေများအနက် ယခုဖော်ပြသည့်ထောက်ပံ့ငွေမှာအများဆုံးဖြစ်ပြီး ပြည်နယ်ရငွေစုစုပေါင်း၏ ၉၅ % ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရက ချင်းပြည်နယ်အတွက်ပံ့ပိုးပေးသည့် လွှဲပြောင်းထောက်ပံ့ငွေမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာလျက်ရှိရာ ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၅၅,၇၆၇ သန်း ရှိမည်ဖြစ်ပါသည်။ ထို့အတွက် ပြည်နယ်အစိုးရအနေဖြင့် ဘဏ္ဍာငွေများ ပိုမိုစုစည်းနိုင်မည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ ဖြင့်ပြဋ္ဌာန်းထားသည့် ပြည်နယ်အစိုးရ၏လုပ်ငန်းတာဝန်များကိုအခြေခံ၍ ဒေသလိုအပ်ချက်များကို တိုးတက်ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်မှန်းပါသည်။


ချင်းပြည်နယ်သို့ ပြည်ထောင်စုမှထောက်ပံ့ငွေ
၂၀၁၆ - ၂၀၁၇ မှ ၂၀၁၉ - ၂၀၂၀ ထိ၊ ကျပ်သန်းပေါင်း



## (ခ) ပြည်ထောင်စုမှ ပြည်နယ်သို့ခွဲဝေပေးသည့်အခွန်ဝေစု

ပြည်ထောင်စု စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ ပြည်တွင်းအခွန်များဦးစီးဌာနက ချင်းပြည်နယ်အတွင်းမှ ကောက်ခံရရှိသည့်ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် တံဆိပ်ခေါင်းခွန်ရငွေများမှ အချိုးကျ ပြန်လည်ရရှိငွေများဖြစ်ပါသည်။[၂]

၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ဘတ်ဂျက်ရငွေတွင် ပြည်ထောင်စု၏ အခွန်ဝေစုမှာ ကျပ် ၅,၆၃၁ သန်း ရရှိမည်ဟုခန့်မှန်းရာ ပြည်နယ်ဘတ်ဂျက်ရငွေ၏ ၃% နှင့်ညီမျှပါသည်။ နိုင်ငံ၏အခွန်စနစ် ပြုပြင်ပြောင်းလဲလျက်ရှိခြင်း၊ ပြည်သူများ၏ အခွန်ပေးဆောင်မှုအလေ့အထများ တိုးတက်လာခြင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် အခွန်ရငွေမြင့်တက်လာနိုင်သည်ဖြစ်ရာ အခွန်ဝေစုရငွေမှာ အနာဂတ်တွင် ချင်းပြည်နယ်အစိုးရအတွက် ယခုထက်အရေးပါမည့်ရငွေဖြစ်ပါသည်။




### ပြည်တွင်းအခွန်များဦးစီးဌာနမှ ချင်းပြည်နယ်အတွင်း ပြည်ထောင်စု၏အခွန်အကောက်ရငွေ စုစုပေါင်းလျာထားချက်

| အခွန်အမျိုးအစား | ကျပ်သန်းပေါင်း |
|---|---|
| ကုန်သွယ်လုပ်ငန်းခွန် | ၆,၀၀၀ |
| ဝင်ငွေခွန် | ၆,၀၀၀ |
| အထူးကုန်စည်ခွန် | ၂၀ |
| တံဆိပ်ခေါင်းခွန် | ၃၂၀ |

[၂] နိုင်ငံပိုင်အခွန်းကဏ္ဍမှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်နှင့် ခနကြွယ်ဝမှုအဆင့်တို့အပေါ် မူတည်၍ ခွဲဝေပေးပါသည်။

## (ဂ) အရေးပေါ်ရန်ပုံငွေ

ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များအတွက်သာလျှင်ဆောင်ရွက်ရန် ခွင့်ပြုငွေဖြစ်ပါသည်။ အရေးပေါ်ရန်ပုံငွေအတွက် ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘတ်ဂျက်တွင် ကျပ် ၁,၀၀၀ သန်းကို လျာထားပါသည်။

## (ဃ) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ

၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေအရ ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် လွှဲပြောင်းထောက်ပံ့ငွေဖြစ်ပြီး၊ မြို့နယ်တစ်ခုလျှင် ကျပ် ၁၀၀ သန်းစီ ထောက်ပံ့ပါသည်။ ချင်းပြည်နယ်အတွင်း (၉) မြို့နယ်အတွက် ကျပ် ၉၀၀ သန်းရရှိပြီး ၎င်းရန်ပုံငွေကို မြို့နယ်အဆင့်တွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်က စီမံခန့်ခွဲပါသည်။

## နိဂုံးချုပ်မှတ်ချက်စကား

ဤစာစောင်သည် ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များကို ပြည်သူလူထုသို့ အသိပေးတင်ပြနိုင်ရန်နှင့် အနာဂတ်တွင်စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များတွင် ပြည်သူများ ပါဝင်လာနိုင်စေရန်ရည်ရွယ်၍ ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍သော်လည်းကောင်း၊ ဤစာစောင်နှင့်ပတ်သက်၍ အကြံပြုလိုလျှင်လည်းကောင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်၊ အီးမေးလ်သို့ဖြစ်စေ၊ နောက်ဆက်တွဲ လေ့လာဆန်းစစ်ချက်မေးခွန်းလွှာကို ဖြည့်စွက်၍ ချင်းပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပြန်လည်ပေးပို့၍ဖြစ်စေ အကြံပြုနိုင်ပါသည်။

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ချင်းပြည်နယ်

ဖုန်းနံပါတ် - ၀၇၀ ၂၂၂၀၄, ၀၇၀ ၂၂၃၅၇
Email – chinbudget.dept@gmail.com

## ကျမ်းကိုးစာရင်း

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊

၂၀၁၉ – ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ချင်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ၊

ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အလိုက်လူဦးရေစာရင်း၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန။

ချင်းပြည်နယ်အတွင်း ပြည်ထောင်စုအခွန်အကောက်ရငွေများ၊ ပြည်တွင်းအခွန်များဦးစီးဌာန။

ပြည်ထောင်စုအစိုးရအဖွဲ့မှတင်ပြသည့် ဘတ်ဂျက်အဆိုပြုလွှာများနှင့် အထောက်အကူပြုစာစောင်များ
https://www.mopf.gov.mm

## နောက်ဆက်တွဲဇယားများ

### ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ရငွေ၊အသုံးစရိတ်စာရင်း

| | | ဌာန/အဖွဲ့အစည်းအမည် | ရငွေ | | အသုံးစရိတ် | |
|---|---|---|---|---|---|---|
| | | | သာမန် | ငွေလုံးငွေရင်း | သာမန် | ငွေလုံးငွေရင်း |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | | | | |
| | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ၆,၅၄၆.၆၆ | | ၂,၀၉၉.၇၅ | ၂၄,၂၇၃.၁၄ |
| | ၂ | ပြည်နယ်လွှတ်တော် | ၁.၀၅ | | ၇၀၃.၄၉ | ၅၇၉.၃၄ |
| | ၃ | ပြည်နယ်တရားလွှတ်တော် | ၉၆.၄၁ | | ၆၁.၃၂ | |
| | ၄ | ပြည်နယ်ဥပဒေချုပ်ရုံး | ၀.၁၀ | | ၃၇၈.၄၉ | ၂၀၀.၀၀ |
| | ၅ | ပြည်နယ်စာရင်းစစ်ချုပ်ရုံး | ၀.၀၅ | | ၈၈၉.၇၀ | ၁၅၇.၆၄ |
| ၂ | | ဝန်ကြီးဌာန/ဦးစီးဌာနများနှင့်<br>နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | | | | |
| | ၁ | ပြည်ထဲရေး | | | | |
| | | ၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၀၈ | | ၃၄၅.၂၉ | ၁၆၇.၄၈ |
| | | ၂။ မီးသတ်ဦးစီးဌာန | ၀.၁၃ | | ၁,၉၁၀.၂၅ | ၂,၉၀၃.၀၆ |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | | | |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၂၂၅.၃၆ | | ၅,၇၀၈.၅၇ | ၂,၄၀၀.၃၆ |
| | ၃ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း | | | | |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၁.၀၀ | | ၂,၂၇၅.၅၂ | ၁,၄၉၄.၄၂ |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၀.၆၁ | | ၁၈၇.၀၀ | ၁၂၇.၆၅ |
| | | ၃။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၈.၉၀ | | ၃၂၃.၆၇ | ၁၀.၇၀ |
| | | ၄။ သမဝါယမဦးစီးဌာန | ၁.၄၂ | | ၆၄၈.၈၃ | ၁၀၂.၅၇ |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်း<br>ဦးစီးဌာန | ၁.၂၄ | | ၂၀၀.၁၆ | ၁၂၂.၅၇ |

| | | ဌာန/အဖွဲ့အစည်းအမည် | ရငွေ | | အသုံးစရိတ် | |
|---|---|---|---|---|---|---|
| | | | သာမန် | ငွေလုံးငွေရင်း | သာမန် | ငွေလုံးငွေရင်း |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | |
| | | ၁။ သစ်တောဦးစီးဌာန | ၆၃.၂၅ | | ၁,၁၇၉.၆၈ | ၂၅၁.၀၀ |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၀.၀၅ | | ၁၁၅.၅၂ | ၁၆.၁၀ |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | | | | |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၆.၀၀ | | ၂၂၈.၅၉ | ၇,၁၁၀.၀၀ |
| | ၆ | ကျန်းမာရေးနှင့်အားကစား | | | | |
| | | ၁။ အားကစားနှင့်ကာယပညာဦးစီးဌာန | ၈.၄၂ | | ၆၄၂.၈၆ | ၁,၀၀၃.၁၅ |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | | | | |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၁၅ | | ၄၂၈.၆၀ | ၁၁၄.၀၃ |
| | | ၂။ ဗဟိုစာရင်းအင်းအဖွဲ့ | | | ၁၁၅.၄၃ | ၉၀.၁၄ |
| | | ၃။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၁,၀၀၀.၀၀ | | ၁,၁၂၀.၁၁ | ၂၄.၄၃ |
| | ၈ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး | | | | |
| | | ၁။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန | ၀.၂၀ | | ၈၀.၀၉ | ၁၉၁.၆၅ |
| | ၉ | ဆောက်လုပ်ရေး | | | | |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၁၈.၉၄ | | ၂၆၅.၁၅ | ၂,၂၄၁.၆၄ |
| | | ၂။ လမ်းဦးစီးဌာန | ၈.၁၀ | | ၁၅,၀၀၉.၅၇ | ၅၁,၁၉၀.၇၃ |
| | | ၃။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | | ၇၁၀.၉၁ | ၂၃,၅၅၁.၆၂ |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များ | ၁,၀၇၇.၄၉ | | ၁,၉၅၅.၃၁ | ၈,၄၈၄.၂၉ |
| ၄ | | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ၁၅၅,၇၆၆.၅၂ | | | |
| | | စုစုပေါင်း | ၁၆၄,၈၁၂.၁၃ | | ၃၇,၆၀၄.၀၄ | ၁၂၇,၂၂၈.၀၉ |

# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ လေ့လာဆန်းစစ်ချက်မေးခွန်းလွှာ

## ဖြေဆိုသူနှင့်စပ်လျဉ်း၍

အသက်/မွေးဝမ်းကျောင်း

( ) လွှတ်တော်ကိုယ်စားလှယ်၊ ( ) အစိုးရဝန်ထမ်း (ဌာန )

( ) ပုဂ္ဂလိကဝန်ထမ်း၊ ( ) ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးတွင်ပါဝင်သူများ၊

( ) အရပ်ဖက်အဖွဲ့အစည်းများ၊ ( ) ကိုယ်ပိုင်စီးပွားရေး၊ ( ) အခြား

ကျား/မ ( ) အမျိုးသမီး ( ) အမျိုးသား

## ဤစာစောင်ပါအကြောင်းအရာများနှင့်စပ်လျဉ်း၍

(၁) ဤ Citizen's Budget စာစောင်သည် နားလည်ရလွယ်ပါသလား။

(အဖြေတစ်ခုသာလျှင်ရွေးချယ်ပေးပါ)

( ) အလွန်လွယ်ကူပါသည် ( ) လွယ်ကူပါသည် ( ) ခက်လည်းမခက်၊ လွယ်လည်းမလွယ်ပါ

( ) အနည်းငယ်ခက်ပါသည် ( ) အလွန်ခက်ပါသည်

(၂) ဤ ၂၀၁၉-၂၀၂၀ ခုနှစ်၊ Citizen's Budget စာအုပ်တွင် သင်သိလိုသော အစိုးရ၏ရငွေ၊ သုံးငွေဆိုင်ရာသတင်းအချက်အလက်များ ပြည့်စုံစွာ ပါဝင်ပါသလား။

( ) အလွန်ပြည့်စုံစွာပါဝင်ပါသည် ( ) သိချင်သောအချက်အလက်များအားလုံးနီးပါး ပါဝင်ပါသည်

( ) အနည်းငယ်ပါဝင်ပါသည် ( ) လုံးဝမပါဝင်ပါ

( ) ဘယ်လိုသတင်းအချက်အလက်မျိုးပါဝင်သင့်သည်ကိုမသိပါ။

(၃) ဤ Citizen's Budget ပါ သတင်းအချက်အလက်များသည် သင့်အတွက်အသုံးဝင်ပါသလား။

(အဖြေတစ်ခုသာလျှင်ရွေးချယ်ပေးပါ)

( ) အလွန်အသုံးဝင်ပါသည် ( ) အသုံးဝင်ပါသည်

( ) အသုံးဝင်သည်လည်းမဟုတ်၊ အသုံးမဝင်သည်လည်း မဟုတ်ပါ

( ) အနည်းငယ်သာ အသုံးဝင်ပါသည် ( ) လုံးဝအသုံးမဝင်ပါ

(၄) Citizen's Budget တွင် ဘတ်ဂျက်နှင့်ဆိုင်သော မည်သည့်အကြောင်းအရာကို သင်စိတ်ဝင်စားဆုံးဖြစ်ပါသနည်း။ (အဖြေကို တစ်ခုထက်ပို၍ ရွေးချယ်နိုင်ပါသည်)

ရငွေများ

( ) သာမန်ရငွေ၊ ( ) ငွေလုံးငွေရင်းရငွေ

**အသုံးစရိတ်များ**

( ) သာမန်အသုံးစရိတ်၊ ( ) ငွေလုံးငွေရင်းအသုံးစရိတ်များ၊ ( ) ဌာနအလိုက်အသုံးစရိတ်

( ) မြို့နယ်အလိုက်အသုံးစရိတ် ( ) အသုံးစရိတ်များ၏ရလဒ်များ၊ အကျိုးသက်ရောက်မှုများ

( ) အစိုးရ၏ရငွေ၊အသုံးစရိတ်များ စီးပွားရေးအပေါ်သက်ရောက်မှု

( ) အစိုးရဘတ်ဂျက်ကို ထိရောက်စွာသုံးစွဲရေးနည်းလမ်းများ

(အခြားသိရှိလိုသည်များရှိလျှင်ဖော်ပြပေးပါ) ______________________

______________________________________________

## ဤစာစောင်ဖြန့်ဝေမှုနည်းလမ်းများနှင့်စပ်လျဉ်း၍

(၅) Citizen's Budget စာစောင်များကို မည်သည့်နည်းလမ်းဖြင့် ဖြန့်ဝေခြင်းက ပြည်သူလူထုလက်ဝယ်သို့ သတင်းအချက်အလက်များ ပိုမိုပျံ့နှံ့ရောက်ရှိမည်ဟု ထင်မြင်ပါသနည်း။ (အဖြေကို တစ်ခုထက်ပို၍ ရွေးချယ်နိုင်ပါသည်)

( ) ပြည်နယ်အစိုးရ၏ အင်တာနက်စာမျက်နှာမှလည်းကောင်း၊

( ) အခြားအင်တာနက်လူမှုကွန်ယက်များမှလည်းကောင်း၊

( ) လွှတ်တော်ကိုယ်စားလှယ်များမှလည်းကောင်း၊

( ) ရပ်ကွက်/ကျေးရွာ/ကျောင်း စာကြည့်တိုက်များမှလည်းကောင်း၊

( ) ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ

( ) အခြား ____________________

(၆) Citizen's Budget ကို ယခုကဲ့သို့ စာအုပ်ဖြင့် ထုတ်ဝေခြင်းအပြင် အခြားမည်သည့်ပုံစံဖြင့် သတင်းအချက်အလက်များကို မျှဝေစေလိုပါသလဲ။ (အဖြေကို တစ်ခုထက်ပို၍ ရွေးချယ်နိုင်ပါသည်)

( ) စာအုပ်ပုံစံဖြင့်ကောင်းပါသည်၊ ( ) လက်ကမ်းစာစောင်၊

( ) အင်တာနက်မှလည်းကောင်း၊ အင်တာနက်လူမှုကွန်ယက်များမှလည်းကောင်း၊

( ) အစိုးရသတင်းဌာနများ၊ ( ) အခြား ____________________

## ဌာနဆိုင်ရာများ၏ ပွင့်လင်းမြင်သာမှုပေါ်အမြင် (ဌာနဆိုင်ရာများသာဖြည့်ရန်)

(၇) Citizen's Budget တွင်ထည့်သွင်းခြင်းအားဖြင့်သော်လည်းကောင်း၊ မိမိတို့ဌာနအလိုက် ဘဏ္ဍာရေး ပွင့်လင်းမြင်သာမှုဆောင်ရွက်ချက်များကို သီးခြားသော်လည်းကောင်း ဆောင်ရွက်ခြင်း

( ) ဆောင်ရွက်လျက်ရှိ ( ) ဆောင်ရွက်လို ( ) မသက်ဆိုင်ပါ

(၇-၁) မည်သို့ (ပိုမိုကောင်းမွန်အောင်) ဆောင်ရွက်နိုင်မည် (တစ်ခုထက်ပို၍ ရွေးချယ်နိုင်ပါသည်)

( ) ဌာန၏လစဉ်၊ ၃ လပတ်၊ နှစ်လယ်နှင့် နှစ်ကုန် ဘဏ္ဍာရေးနှင့် အကောင်အထည်ဖော်နိုင်မှု အစီရင်ခံစာများကို ထုတ်ပြန်ခြင်း၊ ( ) ကြော်ငြာသင်ပုန်းတွင် ကပ်၍လည်းကောင်း၊

( ) အင်တာနက်/လူမှုကွန်ယက် များမှလည်းကောင်း၊ ( ) အစိုးရသတင်းဌာနများ

( ) အခြားနည်းလမ်းများ ____________________

(၇-၂) ဆောင်ရွက်လျက်ရှိပါက မည်သို့ဆောင်ရွက်သည်ကို ဖော်ပြပေးပါရန်

____________________________________________

____________________________________________

ချင်းပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့်
Renaissance Institute တို့ပူးပေါင်းထုတ်ဝေပါသည်။